# ခိုးချိခရိုင်မှာ နေထိုင်တဲ့ နိုင်ငံခြားသား

ခရိုင်ထဲမှာ နိုင်ငံပေါင်း ၇၈ ကျော်က နိုင်ငံခြားသားတွေ နေထိုင်နေပါတယ်။ နိုင်ငံသား အမျိုးအစားတွေကတော့ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ တောင်ကိုရီးယား၊ မြန်မာ၊ အမေရိကန်ပြည်ထောင်စု စတာတွေက များပါသည်။

ခန့်မှန်းအားဖြင့် လူ ၆,၉၉၆ ယောက်သည် ခိုးချိခရိုင်တွင် နေထိုင်လျက်ရှိပါသည်။

*၂၀၂၅ ခုနှစ် ဇွန်လ အနေအထား

နေထိုင်ခွင့်အနေအထားတွေက နည်းပညာဆိုင်ရာသင်တန်းသား၊ အထူးကျွမ်းကျင်လုပ်သား၊ အမြဲတမ်းနေထိုင်သူ၊ ကျောင်းသားဗီဇာ၊ ဂျပန်နိုင်ငံသား၏ ဇနီး/ခင်ပွန်း စတာတွေက များပါသည်။

## တိုင်ပင်မှု နမူနာ

### လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်း ကိစ္စများကိုဆောင်ရွက်လိုခြင်း

- နေထိုင်ခွင့်အနေအထား ပြောင်းလဲတာ၊ သက်တမ်းတိုးတာချင်းကိစ္စများကိုဆောင်ရွက်လိုခြင်း
- အထူးကျွမ်းကျင်လုပ်သားနဲ့ ပတ်သက်ပြီး လမ်းညွှန်ပေးစေလိုခြင်း



### အလုပ်အကိုင်/ အလုပ်လုပ်ခြင်း


- အလုပ်ရှာဖွေရေးနဲ့ပတ်သက်ပြီး တိုင်ပင်လိုခြင်း
- အလုပ်နဲ့ပတ်သက်ပြီး စိတ်သောကရောက်နေခြင်း

### လူမှုဖူလုံရေးအာမခံ/ ပင်စင်

- ပြည်သူ့ကျန်းမာရေးအာမခံရရှိလိုခြင်း
- မိခင်နိုင်ငံကို ပြန်မှာမို့ ပင်စင်အတွက် သွင်းထားတဲ့ပိုက်ဆံ ပြန်ရနိုင်ရန်ဆွေးနွေးလိုခြင်း

### ဂျပန်ဘာသာစကား လေ့လာသင်ယူမှု

- ဂျပန်ဘာသာစကားကို သင်ယူနိုင်သောနေရာကိုသိလိုခြင်း
- ခန်းဂျီး လေ့လာချင်ခြင်း





### ဆေးကုသရေး

- မိခင်ဘာသာစကားကို နားလည်တဲ့ ဆေးရုံကိုသိရှိလိုခြင်း
- ဆေးခန်းမေးခွန်းပုံစံ ဖြည့်ပုံဖြည့်နည်းကိုသိလိုခြင်း

### စကားပြန်/ ဘာသာပြန်

- အုပ်ချုပ်ရေးရုံးက ပို့လာတဲ့စာထဲက အကြောင်းအရာတွေကို ရှင်းလင်းသင်ပြစေလိုခြင်း
- စုံစမ်းရေးဌာနကို ရောက်လာတဲ့ နိုင်ငံခြားသားများကို တုံ့ပြန်ပေးရန် အခက်ကြုံတွေ့နေရခြင်း




- တည်နေရာ: Kochi-ken Kochi-shi Honmachi 4-1-37 Marunouchi Building 1 F
- TEL: 088-821-6440
- FAX: 088-821-6441
- Website: https://kccfr.jp
- E-mail: consultation@kccfr.jp
- ဖွင့်ချိန်: တနင်္လာနေ့မှ သောကြာနေ့အထိ မနက် ၉ နာရီမှ ညနေ ၅ နာရီ
  စနေနေ့ မနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
  (သို့သော် သုံးရက်ဆက်တိုက်ပိတ်ရက်များနှင့် ဩဂုတ်လအတွင်းရှိ စနေနေ့များတွင် ပိတ်ပါသည်။)
  (တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက်၊ နှစ်သစ်ကူးနေ့တွေမှာ ပိတ်ပါတယ်)

**စီမံခန့်ခွဲမှု**

ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ (Kocoforre) ဟာ ခိုးချိခရိုင်က ဖွဲ့စည်းထားတဲ့ “ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ စီမံခန့်ခွဲရေး ကောင်စီ” နဲ့ အဲဒီကောင်စီရဲ့ ထောက်ပံ့မှုအောက်မှာ ခိုးချိခရိုင် နိုင်ငံတကာ ကူးလူးဆက်ဆံရေးအသင်းက ခိုချိခရိုင်ရဲ့ လုပ်ငန်းအပ်နှံမှုကိုခံယူပြီး စီမံခန့်ခွဲနေပါသည်။

Kocoforre
ココフォーレ




2026.3

ミャンマー語版

# ခိုခိုဖောလစ် က ခိုးချိခရိုင်မှာစားဝတ်နေထိုင်ရပ်တည်နေသော နိုင်ငံခြားသားအားလုံးကို ထောက်ပံ့ပေးနေပါတယ်။

ခိုခိုဖောလစ် လမ်းညွှန်

# Kocoforre Guide



ခိုးချိခရိုင် နိုင်ငံတကာ ကူးလူးဆက်ဆံရေးအသင်း

**ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ**

Kochi Consultation Center for Foreign Residents

ခိုခိုဖောလစ် (Kocoforre) ဆိုတာ ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာရဲ့ အတိုကောက်နာမည်ဖြစ်ပါသည်။

# ခိုးချိခရိုင်ရဲ့ နိုင်ငံခြားသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ခိုခိုဖောလစ်

# Kocoforre

ခိုခိုဖောလစ် (Kocoforre) ဟာ ခိုးချိခရိုင်မှာ စားဝတ်နေထိုင်ရပ်တည်နေသော နိုင်ငံခြားသားများကို စိတ်ချလက်ချနေထိုင်နိုင်ရန်အတွက် နေထိုင်ခွင့်အနေအထား/ အလုပ်လုပ်ခြင်း/ ပညာရေး/ ဆေးကုသရေး/ လူမှုဖူလုံရေး/ ရင်သွေးပျိုးထောင်ရေး/ နေအိမ်စတဲ့ နေထိုင်မှုနဲ့ပတ်သက်တဲ့ ကိစ္စအမျိုးမျိုးကို ဆွေးနွေးတိုင်ပင်နိုင်သောကောင်တာ ဖြစ်ပါသည်

၂၀၁၉ ခုနှစ် (ဂျပန်နှစ်လေး၀ အစပျိုးနှစ်) မေလမှာ ဖွင့်လှစ်ခဲ့ပါသည်။



## လွတ်လပ်စွာတိုင်ပင်ဆွေးနွေးနိုင်ပါသည်

နိုင်ငံခြားသားတွေအပြင် နိုင်ငံခြားသားနဲ့ပတ်သက်မှုရှိတဲ့ ဂျပန်လူမျိုးနဲ့ လုပ်ငန်းရှင် စသည့်ပုဂ္ဂိုလ်များထံမှကူညီတိုင်ပင်ဆွေးနွေးမှုတွေကို လက်ခံနေပါသည်။

တိုင်ပင်ဆွေးနွေးမှုဟာ အခမဲ့ဖြစ်ပါတယ်။ လျှို့ဝှက်ချက်ကို စောင့်ထိန်းပါမည်။

### တိုင်ပင်ဆွေးနွေးမှု နည်းလမ်း

လူချင်းတွေ့ဆုံမှု၊ တယ်လီဖုန်းဆက်သွယ်မှု၊ ဝက်ဘ်ဆိုက်မှာရှိတဲ့တိုင်ပင်ရေးဖောင်၊ အီးမေးလ်

### တိုင်ပင်ဆွေးနွေးမှု အကြောင်းအရာ

နေထိုင်ခွင့်အနေအထား၊ အလုပ်အကိုင်/ အလုပ်လုပ်ခြင်း၊ ဆေးကုသရေး၊ လက်ထပ်/ ကွာရှင်းခြင်း၊ စကားပြန်/ ဘာသာပြန်၊ လူမှုဖူလုံရေးအာမခံ/ ပင်စင်၊ အခွန်၊ နေအိမ်၊ ယာဉ်မောင်းလိုင်စင်၊ မီးဖွားခြင်း/ ရင်သွေးပြုစုစောင့်ရှောက်ခြင်း၊ ပညာရေး၊ ဂျပန်ဘာသာစကား လေ့လာသင်ယူခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနဲ့ ကိုင်တွယ်မှု၊ နိုင်ငံတကာ ကူးလူးဆက်ဆံရေး စသည်များ



သုံးပွင့်ဆိုင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

### ဝန်ဆောင်မှုပေးတဲ့ ဘာသာစကား

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ၊ ဗီယက်နမ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ ထိုင်းဘာသာ၊ တဂါလော့ဘာသာ၊ နီပေါဘာသာ၊ စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ၊ ပြင်သစ်ဘာသာ၊ အီတလီဘာသာ၊ ဂျာမန်ဘာသာ၊ ရုရှားဘာသာ၊ မလေးဘာသာ၊ ခမာဘာသာ၊ မြန်မာဘာသာ၊ မွန်ဂိုလီးယားဘာသာ၊ စင်ဟာလဘာသာ၊ ဟိန္ဒီဘာသာ၊ ဘင်္ဂါလီဘာသာ၊ အူရဒူဘာသာ၊ တူရကီဘာသာ

*သုံးပွင့်ဆိုင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုသုံး ဘာသာစကားအပါအဝင်

*အင်္ဂလိပ်ဘာသာစကားကို တိုင်ပင်ရေးဝန်ထမ်းက တိုက်ရိုက်လုပ်ဆောင်

*တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ် ဘာသာစကားတွေကို စကားပြန်က လုပ်ဆောင် (တစ်ပတ်မှာ တစ်ရက်ခန့်)

### ဌာနပြင်ပ တိုင်ပင်ဆွေးနွေးပွဲ/ ကျွမ်းကျင်သူ တိုင်ပင်ဆွေးနွေးပွဲတွေကို ကျင်းပနေပါတယ်

ခိုးချိမြို့၊ ရှီမန်းတိုးမြို့၊ နန်းခိုခုမြို့ စတဲ့ မြို့နယ် ၃ ခုတွင် ပုံမှန်အနေနဲ့ တိုင်ပင်ဆွေးနွေးပွဲ (အခမဲ့) ကို ကျင်းပနေပါသည်။

တိုင်ပင်ဆွေးနွေးပွဲမှာ နေထိုင်မှုအလုံးစုံနဲ့ ပတ်သက်တဲ့ တိုင်ပင်မှုအပြင် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီကလုပ်ဆောင်တဲ့ နေထိုင်ခွင့်အနေအထားဆိုင်ရာ တိုင်ပင်မှုနဲ့ ရှေ့နေတွေကလုပ်ဆောင်တဲ့ ဥပဒေရေးရာ တိုင်ပင်မှုစတဲ့ ကျွမ်းကျင်မှုဆိုင်ရာ တိုင်ပင်မှုတွေကိုလည်း ဝန်ဆောင်ပေးနေပါသည်။



### စေတနာ့ဝန်ထမ်းတွေရဲ့ အကူအညီကို ရယူပြီး ဒေသတွင်းက နိုင်ငံခြားသားတွေအတွက် ထောက်ပံ့ရေးစနစ်ကို ထူထောင်ထားပါသည်

ဒေသတွင်းက နိုင်ငံခြားသားတွေနဲ့ ကိုက်ညီမယ့် ထောက်ပံ့မှုကို လုပ်ဆောင်ဖို့အတွက် စေတနာ့ဝန်ထမ်း (ထောက်ပံ့သူ) တွေကို စေလွှတ်နေပါသည်။ ထောက်ပံ့သူတွေဟာ လိုအပ်တဲ့နေရာကို ကာယကံရှင်နဲ့အတူသွားတာ၊ စကားပြန်/ဘာသာပြန်တာ အပြင် ခိုခိုဖောလစ်ရဲ့ ပွဲလမ်းစီမံခန့်ခွဲမှုတွေကတစ်ဆင့် နိုင်ငံခြားသားတွေကို ထောက်ပံ့နေပါသည်။

စိတ်ဝင်စားတဲ့သူတွေအနေနဲ့ ထောက်ပံ့သူအဖြစ် စာရင်းပေးသွင်းကြစေလိုပါသည်။

*ဆေးဘက်ဆိုင်ရာ ဘာသာပြန်ဝန်ဆောင်မှုနှင့် အထူးပြု ဘာသာပြန်ဝန်ဆောင်မှုများကို မဆောင်ရွက်ပေးနိုင်ပါ။



### ဘာသာစကားပေါင်းစုံနဲ့ စာရွက်စာတမ်းမျှဝေတာ၊ ဝက်ဘ်ဆိုက်နဲ့ Instagram တွေမှာ သတင်းအချက်အလက် ထုတ်ပြန်တာတွေ လုပ်ဆောင်နေပါသည်။

ဘာသာစကားပေါင်းစုံနဲ့ ဘာသာပြန်ထားတဲ့ စာရွက်စာတမ်းအမျိုးမျိုးကို မျှဝေနေပါသည်။

ဒါအပြင် ဝက်ဘ်ဆိုက်နဲ့ Instagram တွေမှာ ဂျပန်မှာ နေထိုင်မှုအတွက် အသုံးကျတဲ့ သတင်းအချက်အလက်တွေကို ထုတ်ပြန်နေပါသည်။

#### ◆ဝက်ဘ်ဆိုက်

ဂျပန်ဘာသာစကား၊ လွယ်ကူတဲ့ဂျပန်ဘာသာစကား၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ် ဘာသာစကားတွေနဲ့ အချိန်နဲ့ တစ်ပြေးညီ ဖြန့်ဝေလျှက်ရှိပါသည်။

QR code ကို စကန်ဖတ်ရှုနိုင်ပါသည်။→

にほんご

#### ◆Instagram

ဂျပန်မှာ နေထိုင်မှု၊ ခိုးချိရဲ့ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ အစားအစာစတာတွေရဲ့ သတင်းအချက်လက်တွေကို လွယ်ကူတဲ့ဂျပန်ဘာသာစကားနဲ့ ပြောပြလျှက်ရှိပါသည်။

KCCFR_